# ဘန်ကီမွန်းလာတုန်းက 'ဒေါ်စု' နဲ့တွေ့ခွင့် မပေးဘူး၊ ဂျင်ဝက်ဘ်ကိုတော့ တွေ့ခွင့်ပေးတယ်။ ဘာ့ကြောင့်လဲ။

(၁) ဘန်ကီမွန်းက ကုလသမဂ္ဂ (UN) (S/G) အတွင်းရေးမှူးချုပ်အနေနဲ့ လာတာပဲ။ UN မှာက ကြီး '၅' ကြီးက အခရာပဲ။ ကြီး '၂' ကြီးကို နအဖ က ကပ်ထားမိတယ်။ UN မှာ ကာကွယ်ပေးမယ့်သူ ရှိပြီးဖြစ်တယ်။ ဒါကြောင့် UN ရဲ့ S/G ကို ဒေါ်စုနဲ့တွေ့ဖို့ ခွင့်မပြုနိုင်ဘူးလို့ ပြောဝံ့တယ်။ ပြောနိုင်တယ်။ ပြီးတော့ နအဖ ထိပ်သီးတွင်းမှာ ဒေါ်စုအမှုနဲ့ ပတ်သက်ပြီး သဘောထားညှိရဆဲကာလလည်း ဖြစ်နေတယ်။ အဆုံးအဖြတ် မကျသေးဘူး။ ဒါကြောင့် တရားရုံးရဲ့ကိစ္စထဲ ဝင်မစွက်ချင်လို့ အကြောင်းပြပြီး ငြင်းလို့ရတယ်။

ဂျင်ဝက်ဘ်ကတော့ အမေရိကားက လာတာပဲ။ အထက်လွှတ်တော်အမတ်လည်း ဖြစ်တယ်။ သမ္မတအိုဘားမားနဲ့လည်း တပါတီတည်းဖြစ်ပြီး ရင်းနှီးတယ်။ ဒေါ်စုကလည်း အမှုပြီးလို့ အိမ်ချုပ်အဖြစ် အိမ်ပြန်ရောက်နေပြီ။ ထောင်ထဲ သွားတွေ့ရမှာ မဟုတ်ဘူး။ ဒါကြောင့်ပဲ သန်းရွှေက တွေ့ပေးဖို့ စီစဉ်လိုက်တာပဲ။ အခုအရေးအကြီးဆုံးအဖြစ်က (နအဖ ဝင်အားလုံး သဘောညီညွတ်နေတာက) အမေရိကန်နဲ့ ရင်ကြားစေ့ရေးပဲ။ ဒေါ်ကလင်တန်ကလည်း လေသံပစ်ထားတာ ရှိတယ်။

နောက် ဗိုလ်ခင်ညွန့် ရှိတုန်းကလို အမေရိကန်အရာရှိက စီစဉ်ပေးတဲ့ သူတချို့လို ဗမာပြည်ထဲ ခိုးကြောင်ခိုးဝှက်လာတာ မဟုတ်ဘူး။ ဝက်ဘ်ကိုယ်တိုင် လော ကနေ အထူးလေယာဉ်စီးပြီး နေပြည်တော်ကို တိုက်ရိုက်ဝင်လာတာပဲ။

သန်းရွှေက ပါးပါတယ်။ ဒါအခွင့်ကောင်းပဲဆိုတာ သူသိတယ်။ တရုတ်က အမေရိကန်နဲ့ ရင်ကြားစေ့ချင်တုန်းကလို 'ပင်ပေါင်ဒီပလိုမေစီ' မျိုး လုပ်နေစရာ မလိုဘူး။ အထက်လွှတ်တော်အမတ်ကိုယ်တိုင် လာနေပြီပဲ။ ဒီအခွင့်ကောင်းကို သန်းရွှေ ကောင်းကောင်းအသုံးချလိုက်တာပဲ။

(၂) ဒေါ်စုကို ဝက်ဘ် ဘာသွားပြောသလဲ မသိပါဘူး။ ဖြစ်နိုင်တာ ပြောရရင် သန်းရွှေက 'စကားပါး' လိုက်တာကို ပြောပုံရတယ်။

NLD ရွေးကောက်ပွဲ သပိတ်မမှောက်သင့်ကြောင်း၊ 'ရွှေဂုံတိုင်' ကို အသေကိုင်ထားရင် လမ်းပိတ်နေမှာဖြစ်ကြောင်း၊ ပြည်သူ ၉၀% ရာခိုင်နှုန်းက အတည်ပြုပေးထားတဲ့ '၂၀၀၈ အခြေခံဥပဒေ' ကို ပြန်လည်သုံးသပ်ပြင်ဆင်တာ (နအဖ) က လုပ်မှာမဟုတ်ကြောင်း စတာတွေပြောတာလည်း ဖြစ်နိုင်တာပဲ။ တနာရီလောက်ကြာတဲ့ စကားဝိုင်းမှာ ပြောတာတွေ များမှာပါ။

ဝက်ဘ်က မောင်စူးစမ်းလိုတော့ နိုင်ငံရေးဆိုတာတို့၊ စပေ့စ်တို့၊ ဘာတို့ သွယ်ဝိုက်ပြောနေမှာ မဟုတ်ပါဘူး။ မောင်စူးစမ်းကတော့ ဒွဲဒိုး (တဲ့တိုး) မပြောဝံ့ဘူး။ ရွေးကောက်ပွဲ သပိတ်မမှောက်နဲ့၊ နေရာပျောက်သွားမယ်လို့ ပြောချင်တာကို စကားလုံးကြီးကြီးကျယ်ကျယ်သုံးပြီး ပြောတာမျိုးတော့ ပြောမှာမဟုတ်ဘူး။

အမေရိကန်ပုံစံ ဟောဟောဒိုင်းဒိုင်း ပြောမှာပဲ။ ဒေါ်စုကလည်း အကင်းပါးပြီးသားပါ။ အမေရိကန်လွှတ်တော်နဲ့ အမေရိကန်သမ္မတ ဘယ်လိုစခန်းသွားသလဲဆိုတာ သိပါတယ်။ ဘာပြောသလဲဆိုတာတော့ အချိန်ကျရင် ဒေါ်စု ပြောပါလိမ့်မယ်။

(၃) ဂျင်ဝက်ဘ်က ဘယ်တော့ ရွေးကောက်ပွဲဝင်ရမလဲဆိုတာ မသိပါ။ ဒီလောက်လည်း အရေးမကြီးလို့ Google မှာ မရှာတော့ပါဘူး။ သေချာတာက သူ့အနေနဲ့ အမှတ်တိုးသွားပြီ ဆိုတာပါပဲ။ အလုပ်ကြမ်းနဲ့ ထောင် '၇' နှစ် ချခံထားရတဲ့ ဂျိုဟ်ကောင်ကို လွှတ်အောင်လုပ်ပေးနိုင်လို့ ကျော်ကြားထင်ရှားသူ ဖြစ်မှာပါ။ သမ္မတဟောင်းကလင်တန်ရဲ့ နာမည်ကောင်းမျိုးတော့ ဝက်ဘ်ရမှာပါ။

၁၉ – ၈ – ၂၀၀၉